# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု(၄)

## ယုံကြည်စိတ်ချရမှုဆိုသည်မှာ

ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်သူလူထုသည် နိုင်ငံရေးခေါင်းဆောင်များ၏ စိတ်အားထက်သန်မှုနှင့် လုပ်ဆောင်မည့်အစီအစဉ်များကိုကြိုတင်တွက်ဆ၍မရနိုင်ခြင်းအတွက် သူတို့ဘာသာသူတို့မေးခွန်းထုတ်နေကြသည်။ သူတို့ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များသည် အာဏာရရှိပြီးသည့်နောက် မရေရာမသေချာသော ရလဒ်များကိုသာရယူပေးနိုင်ခဲ့သလား၊ ယုံကြည်စိတ်ချနိုင်ပါ့မလားဟူ၍ဖြစ်၏။ ဤသို့ဆိုလျှင်နိုင်ငံရေးစနစ်တစ်ရပ်၏ တရားဝင်မှုနှင့်ရေရှည်တည်တံ့မှုတို့တွင် ယုံကြည်စိတ်ချရမှုတည်းဟူသောအရေးကြီးသောအကြောင်းခြင်းရာတစ်ရပ် ပါဝင်နေပြီ ဖြစ်သည်မှာထင်ရှားပါသည်။

ရှင်သန်ကြံ့ခိုင်နေသော ဒီမိုကရေစီစနစ်တစ်ရပ်တွင် ပြည်သူလူထုအပိုင်းက သံသယဖြစ်မှုအတိုင်းအဆ တစ်ခုအထိရှိနေနိုင်သည်မှာ ဖြစ်သင့်ဖြစ်ထိုက်သော အခြေအနေတစ်ရပ် ဖြစ်ပင်ဖြစ်ငြားသော်လည်း ယုံကြည်စိတ်ချရမှုသည် ကောင်းမွန်သောအုပ်ချုပ်ရေးတစ်ရပ်အတွက် ဘာကြောင့်ဤ၍ဤမျှ အရေးကြီးနေရပါသနည်း။ နိုင်ငံရေးတာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အစိုးရကဲ့သို့သောနိုင်ငံရေးအဆောက်အအုံတို့သည် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်အား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယုံကြည်စိတ်ချရမှုကို မည်ကဲ့သို့ တည်ဆောက်နိုင်သလဲ။ ယုံကြည်စိတ်ချရမှုသည် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုကတောင်းဆိုလာသည့် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး လိုအပ်ချက်အသစ်များနှင့် မည်ကဲ့သို့ဆက်စပ်မှုရှိနိုင်သလဲ။ ဤမေးခွန်းများကို ဖြေကြားနိုင်ရန်အတွက် ယုံကြည်စိတ်ချရမှု၏ လက်ခံနိုင်သောအဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်နှင့် ယုံကြည်စိတ်ချရမှုအမျိုးအစားများကို သိနားလည်ပြီး ဖြစ်ရန် အရေးကြီးပါသည်။

ယုံကြည်စိတ်ချရမှုသည် လူအချင်းချင်းနှင့် အဖွဲ့အစည်းတို့ပါဝင်သော တည်ဆောက်မှုပုံစံတစ်ရပ်ဖြစ်သည်။ ကိုယ်စီအသိအမြင် အသီးသီးရှိကြသော လူ သို့မဟုတ် အဖွဲ့အစည်းများသည် တစ်ဘက်နှင့်တစ်ဘက် ဆက်ဆံမှု တစ်ရပ်ကိုထူထောင်ခြင်းဖြင့် ထိုဆက်ဆံမှုက မျှော်လင့်ထားသောရလဒ်များကို ဖြစ်ပေါ်စေခဲ့လျှင် ယုံကြည်စိတ်ချရမှု ဖြစ်စေပါသည်။ယုံကြည်စိတ်ချမှုရှိထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ အပြုအမူအပေါ်အနည်းငယ် မျှသော်လည်းကောင်း လုံးဝသော်လည်းကောင်း သောကဖြစ်စရာမလိုပါ၊ စောင့်ကြပ်ထိန်းကျောင်းရန်လည်းမလိုပါ။ ထို့ကြောင့် ယုံကြည်စိတ်ချရမှုသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ဆက်ဆံမှုအတွက် ဆက်စပ်ဆောင်ရွက်စရာ အလုပ်နှင့်စရိတ်တို့ကိုထိရောက်စွာလျှော့ချနိုင်ပါသည်။ တကယ်တမ်း ယုံကြည်စိတ်ချရမှု ရရှိလာပြီဆိုလျှင် လူသား အချင်းချင်းထိတွေ့မှုနှင့် အဖွဲ့အစည်းအလိုက် အပြန်အလှန် ဆက်ဆံမှုတို့ကို ပိုမိုခိုင်မြဲစေပါသည်။

## ယုံကြည်စိတ်ချရမှုအမျိုးအစား

ယုံကြည်စိတ်ချရမှု၌ အဓိကအားဖြင့် အမျိုးအစားနှစ်မျိုးရှိပါသည်။ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုနှင့် လူမှုရေးအရ ယုံကြည်စိတ်ချရမှုဟူ၍ဖြစ်သည်။ နိုင်ငံရေးအရယုံကြည်စိတ်ချရမှုသည် ပြည်သူလူထုက အစိုးရနှင့် သက်ဆိုင်ရာအစိုးရဌာနများ၏ မူဝါဒချမှတ်မှုများ သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်တစ်ဦးချင်း၏ ဂတိတည်မှု၊ စွမ်းရည်ရှိမှုမျှတမှုနှင့်ရိုးသားမှုတို့ကိုအားပေးထောက်ခံခြင်းဖြင့် ဖြစ်ပေါ်လာစေပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် နိုင်ငံရေးတာဝန်ယူထားသူများသည် မိမိတို့၏လိုလားချက်များကို မပျက်မကွက်တုံ့ပြန်ပေးလိမ့်မည်၊ ပုံမှန်စစ်ဆေး နေခြင်းများမပြုသည့်တိုင် မှန်ကန်သည့်အလုပ်ကို အသေအချာလုပ်နေသည်ဟု ပြည်သူလူထု၏ စိတ်ထဲတွင်

ပေါ်လွင်ထင်ရှားနေခြင်းသည် နိုင်ငံရေးအရယုံကြည်စိတ်ချရမှုရှိခြင်းဖြစ်သည်။ ဤသည်မှာပန်းတိုင်ကိုအခြေခံ၍ ယုံကြည်စိတ်ချရမှုတည်ရှိခြင်းဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရေးအရယုံကြည်စိတ်ချရမှုရှိခြင်း၊ မရှိခြင်းသည် အစိုးရနှင့် ယင်း၏ယန္တရားအပေါ် ပြည်သူလူထု၏ ၄င်းတို့ ခံစားချက်ကောင်းခြင်း မကောင်းခြင်းနှင့်လည်း သက်ဆိုင်ပါသည်။နိုင်ငံရေးအရယုံကြည်စိတ်ချရမှုသည် နိုင်ငံရေးစနစ်နှင့် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုအပေါ်တွင် ရှိနိုင်သကဲ့သို့ နိုင်ငံရေးလုပ်ဆောင်နေသူ တစ်ဦးချင်းအပေါ်တွင်လည်းရှိနိုင်ပါသည်။ အဖွဲ့အစည်းအပေါ်တွင်ရှိသော နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို မက်ခရိုအဆင့်ယုံကြည်စိတ်ချမှုဟု သတ်မှတ်ပြီး အကြောင်းကိစ္စကိုသာ ရှေးရှုမှုရှိသည်။ တစ်ဦးချင်းအပေါ်တွင်ရှိသော နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို မိုက္ကရိုအဆင့် ယုံကြည်စိတ်ချရမှုဟု သတ်မှတ်ပြီး လူပုဂ္ဂိုလ်ကိုသာ ရှေးရှုမှုရှိပါသည်။

နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုသည် နှီးနှောမှုကို အခြေခံ၍လည်း တည်ရှိနိုင်ပါသည်။ နှီးနှောမှုကို အခြေခံသောနိုင်ငံရေးအရယုံကြည်စိတ်ချရမှု၌ ကျိုးကြောင်းဆီလျော်မှုသွတ်သွင်းထားသည့် ပါတီဝါဒစွဲ အမျိုးအစားနှင့် စိတ်တွင်း၌အရေးထားစောင့်ထိန်းအပ်သော ကျင့်ဝတ်စွဲ အမျိုးအစားဟူ၍ ထပ်မံခွဲခြားနိုင်ပါသည်။




**ပုံ(၂) ယုံကြည်စိတ်ချရမှုမြေပုံ**

ပန်းတိုင်လည်းမရှိ၊ နှီးနှောမှုလည်းမရှိသော နိုင်ငံရေးလေဟာနယ်တစ်ခုတွင် နိုင်ငံရေးအရ ယုံကြည်စိတ်ချရခြင်းသည် ကြီးလည်းမကြီးထွားနိုင်၊ အလုပ်လည်းမလုပ်နိုင်ပါ။ ဤနေရာတွင် လူမှုအသိုက်အဝန်း တစ်ခု၏ အဖွဲ့ဝင်များအဖြစ် တစ်ဦးနှင့်တစ်ဦးယုံကြည်မှုရှိကြခြင်း တစ်နည်းအားဖြင့် လူမှုရေးအရ ယုံကြည်စိတ်ချရခြင်းသည် နိုင်ငံရေးအရ ယုံကြည်စိတ်ချရခြင်း၏ သဘောသဘာဝနှင့်ကွဲပြားခြားနားမှုမရှိပါ။ လူမှုအသိုက်အဝန်းအတွင်း၌ ပြည်သူလူထု၏ ထိတွေ့မှုများရှိနေကြခြင်းနှင့် အချင်းချင်းအပြန်အလှန်ယုံကြည်မှုရှိနေကြခြင်းတို့သည် ယင်းအသိုက်အဝန်းအတွင်း၌ လူမှုရေးအရယုံကြည်စိတ်ချရမှု ရှိနေခြင်းဖြစ်ပါသည်။ အကယ်၍ ပြည်သူလူထုသည် လူမှုရေးလုပ်ရှားဆောင်ရွက်မှု များတွင်ပါဝင်ခြင်းမရှိသေးပါက အစိုးရနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေး အဆောက်အအုံများအပေါ် အပြုသဘောမဆောင်သောလက္ခဏာအဖြစ် နားလည်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရ၏ စွမ်းဆောင်

ရည်နှင့်မသက်ဆိုင်ဘဲ အစိုးရအပေါ်သိသာထင်ရှားသော ယုံကြည်မှုရရှိရန် တည်ဆောက်ရာတွင် လူမှုရေးအရင်းသည်လည်းအရေးကြီးပါသည်။

နိုင်ငံရေးအရ ယုံကြည်စိတ်ချရခြင်းနှင့် လူမှုရေးအရ ယုံကြည်စိတ်ချရခြင်းတို့သည် တစ်ခုကိုတစ်ခုက ပစ်ပယ်ခြင်းမပြုသော်လည်း သဘောထားကွဲပြားဖွယ် အခြေအနေများကတော့ ရှိနေကြပါသည်။ လူမှုရေးအရင်းနှင့် လူမှုရေးအရယုံကြည်စိတ်ချရမှုကိုအားဖြည့်ပေးခြင်းသည် နိုင်ငံရေးအရယုံကြည်စိတ်ချရမှုကိုဖြစ်စေသလား၊နိုင်ငံရေးအရယုံကြည်စိတ်ချရခြင်းခံရသော အစိုးရများသည် လူမှုရေးအရင်းကိုမြှင့်တင်ပြီး လူမှုရေးလှုပ်ရှားမှုများကို ဖန်တီးပေးကြသလား၊ရေရှည်ခံပြီးထိရောက်သော နိုင်ငံရေးစနစ်တည်ဆောက်ရန် လူမှုရေးအရနှင့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုများကို ဘယ်လိုပေါင်းစည်းပေးနိုင်မလဲ။ အတွေးအမျိုးမျိုးက အဖြေအမျိုးမျိုးကို ထုတ်ပေးကြမည်ဖြစ်သော်လည်းလူမှုရေးအရယုံကြည်စိတ်ချရမှုတိုးမြှင့်ခြင်းသည် နိုင်ငံရေးအရပါဝင်ဆောင်ရွက်မှုကိုတိုးမြှင့်စေနိုင်ပြီး၊ ထိုသို့ပါဝင်ဆောင်ရွက်မှုတိုးမြှင့်စေခြင်းဖြင့် နိုင်ငံရေးအရ ယုံကြည်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုကို အထောက်အကူပြုသည်မှာ ယေဘူယျအားဖြင့် လူတိုင်းလက်ခံရမည့်အချက်ဖြစ်ပါသည်။

အမှန်စင်စစ် ကမ္ဘာပေါ်တွင် ယနေ့အစိုးရများသည် နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေးလက်နက်များ အသုံးပြုပြီး ပြည်သူလူထုကို ပို၍သြဇာအာဏာတက်လာစေရန်နှင့် လူမှုရေးအရ ယုံကြည်စိတ်ချရမှုများပိုရှိလာစေရန် နည်းအမျိုးမျိုးဖြင့် နှိုးဆွပေးလျက်ရှိနေကြပါသည်။ လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်း၊ သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုပိုကောင်းစေမည့် နည်းပညာများအသုံးပြုခြင်း၊ အကျိုးရှိသောစီးပွားရေးမူဝါဒများ ချမှတ်ပေးခြင်း၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ ရာဇဝတ်မှုနှိမ်နင်းရေးစသည့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု ဆုံးရှုံးစေမည့်အချက်များကို တိုက်ဖျက်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သော အုပ်ချုပ်ရေးအဆောက်အအုံများကို ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေကြပါသည်။ တစ်ချိန်တည်းမှာပင် ပြည်သူလူထုနှင့် အပြန်အလှန်ယုံကြည်မှုရှိကြသော လူထုလူတန်းစားအဖွဲ့အစည်းများ၏ အကြံဉာဏ်များကိုလည်း ပိုမိုလက်ခံလာကြခြင်းနှင့် ယင်းတို့အားပိုမိုလုပ်ကိုင်နိုင်ရန် ကကြိုးတန်ဆာဆင်ပေးခြင်းများ လုပ်လာကြပါသည်။ အကျပ်အတည်းအတွင်းနှင့် အကျပ်အတည်းလွန် နိုင်ငံများအဖို့ ယခုကဲ့သို့ လူမှုရေးနှင့် နိုင်ငံရေးအရ ယုံကြည်စိတ်ချမှုရရှိရန် လှုပ်ရှားဆောင်ရွက်ခြင်းသည် ပို၍ပင်အရေးကြီးပါသည်။